# Highlights from Dvb Debate's Drug Abuse Show

## August 12, 2017

## "How to punish drug abuse?"

"မူးယစ်ဆေးဝါး အမြစ်ပြတ် ချေမှုန်းရေးဟာ လူသားတွေရှိနေသမျှ ဘယ်တော့မှ ပြတ်မှာမဟုတ်ဘူး ဘိန်းတော့ ပြတ်ရင်ပြတ်မယ် မူးယစ်စေသော ပစ္စည်းတွေက ပြတ်မှာမဟုတ်ဘူး။"

ဦးဂင်းခေါင် - ရဲမှူးချုပ် (အငြိမ်းစား)

---

"ဘိန်းကို ကာကွယ်တာတွေများနေတယ် ပြည်တွင်းစစ်လို့ ပြောနေပေမယ့် ဘိန်းကာကွယ်တဲ့ စစ်ဖြစ်နေတာများတယ်။"

မိုင်းသိန်းဇော် - တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့

---

"ဆေးဝါးကို ရရှိတယ် ပေါပေါများများ ရနေရင် စွဲတဲ့ပြဿနာ ကြီးကြီးမားမား ဖြစ်နိုင်တယ်။ ဆေးဝါးမရရင်တော့ နည်းသွားနိုင်တယ်. နောက် မျိုးရိုးဗီဇပေါ်မှာလည်း မူတည်တယ်။ ဒါက ပြုပြင်ပြောင်းလဲလို့ မရတဲ့ အချက်. သူ့ရဲ့ လူမှုဂန်းကျင် အသိုင်းအဝိုင်း။ လူမှုရေးအရ မပြည့်စုံတဲ့ အသိုင်းအဝိုင်းတွေမှာ ဖြစ်တယ်။"

ဒေါက်တာဇင်ကိုကိုလင်း - မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်း ညှိနှိုင်းရေးမှူး (မူးယစ်ဆေးနှင့် ကျန်းမာရေး)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု တိုက်ဖျက်ရေး ရုံး

---

"နိုင်ငံရေး ပြည်တွင်းငြိမ်းချမ်းရေးကလည်း မူးယစ်ဆေးဝါးနဲ့ဆက်နွယ်နေတယ်။ ကျနော်တို့ဒေသမှာက အရပ်သား အစိုးရလည်း သူတို့မသိဘူး။ ငြိမ်းချမ်းရေးလည်း သူတို့မသိဘူး. ဘိန်းက ဘယ်လောက်ထိ လွှမ်းမိုးလဲဆိုတော့ လူ့အသိတရားတွေတောင် တော်တော်လေး သုန်းပါးသွားပြီ မူးယစ်ဆေးဝါးက ကျနော်တို့ဆီမှာ ပေါပေါလွင်လွင် ဖြစ်နေတယ်။"

မိုင်းသိန်းဇော် - တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့

---

"မူးယစ်ဥပဒေထဲမှာ တာဂန်ရှိသောသူတွေ အဂတိ လိုက်စားရင် ပြစ်ဒဏ်က နည်းနေတယ်.. ၅-၁ဝ နှစ်။ ရောင်းဝယ်သူက သေဒဏ်အထိ ပေးထားတာ။ အမှန်က အဂတိလိုက်စားတဲ့သူတွေကို အဲလို ပေးရမှာ။"

ဦးဂင်းခေါင် - ရဲမှူးချုပ် (အငြိမ်းစား)

"လူသားတယောက်အနေနဲ့ ကျနော်တို့ တောင်ပေါ်ဒေသမှာက အသက်တချောင်းက တန်ဖိုးမရှိဘူး။ မူးယစ်ဆေးက ကွမ်းယာ ဆေးလိပ်ထက် ဈေးချိုတယ်။ ရာမ ဆေး တပြား ၂ဂဂနဲ့လည်း ရတယ် ၃ဂဂနဲ့လည်း ရတယ်။ ဘိန်းခြံမှာ ဒါကျွေး. ဒါနဲ့ အလုပ်လုပ်ခိုင်းနေတာရှိတယ်။"

မိုင်းသိန်းဇော် - တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့